ဘေးအန္တရာယ်ကြီးတင်ပြင်ဆင်ရေး
မြေငလျင်

www.myanmarredcrosssociety.org
အသက်ပေါင်းများစွာကယ်တင်ဖို့၊အတွေးအခေါ်များပြောင်းကြစို့။

တောင်ပုမြို့၏ အပြင်ဘက်တစ်နေရာတွင် စစ်တုရင် အကြိုဝိုလ်လုပွဲ ကို ကျင်းပနေရာ သို့ ရုတ်တရက် အနောက်အယှက်ကြီးတစ်ခု ဝင်လာ သည်။
ရုတ်တရက် မြေပြင်မှာ ပြင်းပြင်းထန်ထန် တုန်ခါလာသည်။
ငလျင် ဟေ့... ငလျင်...
ဝုန်း.....
တော်သေးတာပေါ့... ကျောင်းမှာတုန်းက ငလျင်အန္တရာယ်လုံခြုံ ရေး လေ့ကျင့်ခန်း တွေမှာ ပါခဲ့ဖူးလို့....
ဟေ့ ထွန်းထွန်း..... မပြေးနဲ့...
ခွမ်း.....
ခွမ်း.....
ဟင်... ဘာလဲ
မြေကြီးပေါ်မှာ ဝပ်နေလိုက်...
ခွမ်း.....
ခွမ်း.....
ခွမ်း.....

ပပ နှင့် ထွန်းထွန်း တို့ မြေလျင် ငြိမ်သက်သွားသည် အထိ
စားပွဲအောက်တွင် ငြိမ်ငြိမ်လေး ဝပ်နေလိုက် ကြသည်။
ထို့နောက် နှစ်ဦးသား သတိကြီးစွာဖြင့်
အခန်းထဲမှ ထွက်လာသည်။
ဓါတ်လှေကား မသုံးနဲ့.... ငလျင်လှုပ်ရင်
ဘယ်တော့မှ ဓါတ်လှေကား မသုံးပါနဲ့...
ဒါဆို ငါတို့ ဒီရိုးရိုးလှေကား
ကဘဲ ဆင်းရအောင်.....
အင်း... ဒါပေမယ့် ငါတို့ ဒီလှေကား သုံးရင် လုံခြုံမှု ရှိ/မရှိ အရင်ဦးဆုံး
သေချာစစ်ဆေးရမယ်.... ကက်(စ်) တွေ၊ ရေတွေ ယိုဖိတ်နေတာ
ရှိ/မရှိ သေချာစစ်ဆေး ရမယ်.... လျှပ်စစ်ဝါယာကြိုးတွေ၊ မီးပလပ်တွေ
ပျက်စီး ပြုတ်ကျနေတာ ရှိ/မရှိ သေချာစစ်ကြည့်ရ မယ်.... လျှပ်စစ်မီးကိုတော့
တစ်ယောက်ယောက်က ပိတ်ထားလောက်ပြီလို့ ငါမျှော်လင့်တာဘဲ...
မီး.. မီး...
ဖွီး.. ဖွီ...
အေးကွ.....
ငါတို့မသေတော့ဘူး...
ကျေးဇူးဘဲ ပပ....
ငလျင်လှုပ်တာရပ်သွားပေမယ့်..နောက်ဆက်တွဲ
ငလျင်တွေ ထပ်ပြီးလှုပ်နိုင်သေးတယ်.....
ဒီတော့ အပေါ်ကနေ ပြုတ်ကျလာနိုင်တဲ့အရာတွေကို
ငါတို့သတိထားရမယ်...
ဒါဆို ..ငလျင်ထပ်ပြီးလှုပ်လာရင်....
ငါတို့ ဘာလုပ်ရမလဲ .....
ငလျင်ထပ်ပြီး လှုပ်လာရင်လဲ...ကိုယ်ရောက်နေတဲ့ နေရာမှာ...
စောစောက ငလျင်လှုပ်တုန်းက လုပ်သလို ဘဲ.. လုပ်ရမယ်လေ....
မြေပြင်ပေါ်မှာဝပ်ပြီးနေ..အကာအကွယ်ယူ..
ပြီးတော့တုံ့ခါမှုရပ်တဲ့အတိစောင့်..ဒါဘဲလေ..
ကျေးဇူးဘဲ ပပ...
အိုး... ကျေးဇူးပါဘဲ....
ငလျင်ဘေးအန္တရာယ်လုံခြုံရေး နဲ့ပတ်သက်ရင်
နင်ကငါ့ထက် အများကြီးပိုသိတယ်...။

အောက်ပါအချက်များသည် မြေငလျင်ဘေးကြုံတွေ့ရပါကဆောင်ရွက် ရန်လုပ်ငန်းများဖြစ်သည်။ ယင်းတို့ကိုသေချာစွာ လေ့လာထားလျှင် သင်နှင့်သင့်မိသားစုများအတွက်စနစ်ကျသောနည်းလမ်းအသွယ်သွယ်ကို လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။

- မြေငလျင်လှုပ်လာပါက သင်၏ မိသားစုအားလုံးကို မိမိအိမ်၏ မည်သည့်နေရာတွင် ဘေးကင်းစွာ ခိုလှုံနိုင်သည်.. ယင်းနေရာသို့ အမြန်ဆုံးမည်သို့ ပြောင်းရွှေ့သင့်သည်ကို အသိပေးထားပြီးဖြစ်ရမည်။
- အလုပ်ခွင်၊ ကျောင်း နှင့် အိမ်တွင် လေ့ကျင့်ပြုလုပ် သည့် ငလျင်ဘေးအွန္တရာယ်လုံခြုံရေး လေ့ကျင်းခန်း တွေမှာ အမြဲ ပါဝင်ရမည်။
- ငလျင်လှုပ်လာပါက မြေပြင်ပေါ်တွင်ဝပ်နေခြင်း၊ အကာအကွယ်ယူခြင်း နှင့် မြေတုန်ခါမှုရပ်တန့် တဲ့အထိစောင့်ဆိုင်းခြင်း ပြုလုပ်ရမည်။
- သင်သည် ခိုင်ခံ့သည့် စာပွဲခုံနံဘေးတွင်ရှိနေပါက ထိုစာပွဲခုံအောင်တွင် အကာအကွယ်ယူပါ။ စာပွဲခုံ၏ ခြေတိုင်ကို လက်တစ်ဘက်ဖြင့် ကိုင်ထားပြီး ကျန်လက်တစ်ဖက်ဖြင့် သင်၏မျက်စိကို ကာကွယ်ထားပါ။
- အကယ်၍ သင်သည် အိပ်ရာပေါ်တွင်ရှိနေပါက ထိုအိပ်ရာပေါ်တွင်သာ ဆက်နေပြီး ဦးခေါင်းကို ခေါင်းအုံးဖြင့် ကာကွယ်ထားပါ။
- အကယ်၍ သင်သည် အိမ်အပြင်ဘက်တွင်ရှိနေပါက အဆောက်အဦး၊ သစ်ပင်၊ ဓါတ်တိုင် အစရှိသော လဲကျနိုင်သည့်အရာများ နှင့် အထက်မှ ပျက်ကျနိုင်သည့်အရာများ မရှိသည့် ကွင်းပြင်ကိုရှာပါ။ငလျင်ငြိမ်သက်သွားသည်အထိ ပုံစံတကျ စောင့်နေပါ။
- ဓါတ်လေကားကို လုံးဝ အသုံးမပြုပါနှင့်။
- လျှုပ်စစ်မီး၊ ဂက်(စ်)၊ ရေ နှင့် လျှပ်စစ်သုံး ပစ္စည်းကိရိယာများအားလုံးကို ပိတ်ထားပါ။
- မြေငလျင်လှုပ်ခတ်ပြီးသွားပါက နောက်ဆက်တွဲ ငလျင် ကြောင့်ဖြစ်ပေါ်လေ့ရှိသည့် မြေပြင်
- တုန်ခါမှုများကိုလည်း အထူးသတိထားပါ။

www.redcross.org/prepare/disaster/earthquake
တွင် လေ့လာနိုင်ပါသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း

ရာဇသင်္ဘောလမ်းမကြီး၊ ဒဂွီဏာသီရိမြို့နယ်၊ နေပြည်တော်။

ဖုန်း/ဖက်စ် - ၀၆၇ - ၄၁၉၀၄၀

www.myanmarredcrosssociety.org

၏အကူအညီဖြင့်ဆောင်ရွက်သည်။

International Federation of Red Cross and Red Crescent Societies

香港紅十字會 HONG KONG RED CROSS

Norwegian **Red Cross**

လူသားချင်းစာနာထောက်ထားမှု
အကူအညီပေးရေးနှင့် ကယ်ဆယ်ရေး